# အဆုတ်ရောင်နာ ရောဂါ ထူးခြားလက္ခဏာ ကာကွယ်ဆေး (PCV13)

### *သင် သိထား သင့်သည့်အရာ*

Many Vaccine Information Statements are available in Burmese and other languages. See www.immunize.org/vis

များစွာသော ကာကွယ်ဆေး အချက်အလက် ကြေငြာချက်များကို ဗမာဘာသာနှင့် အခြားသော ဘာသာစကားများတို့ဖြင့် ရရှိနိုင်ပါသည်။ www.immunize.org/vis တွင် ကြည့်ရှုပါ

## 1 မည်သည့်အတွက်ကြောင့် ကာကွယ်ဆေးထိုးရသနည်း။

ကာကွယ်ဆေးထိုးခြင်းသည် ကလေးများနှင့် အရွယ်ရောက်ပြီးသူ လူကြီးများ နှစ်မျိုးလုံး တို့အား **အဆုတ်ရောင်နာရောဂါမှ ကာကွယ်ပေးနိုင်ပါသည်။**

အဆုတ်ရောင်နာရောဂါသည် နီးကပ်စွာထိတွေ့ခြင်းအားဖြင့် လူတစ်ဦးမှတစ်ဦးထံသို့ ကူးစက်ပျံ့နှံ့သွားသည့် ဘက်တီးရီးယားပိုးမွှားကြောင့် ဖြစ်ပေါ်စေပါသည်။ ၎င်းသည် နားသို့ရောဂါကူးစက်ဝင်ရောက်စေနိုင်ပြီး၊ အောက်ပါ အခြေအနေ များသို့ ပိုမိုပြင်းထန်သည့် ရောဂါကူးစက်မှုများ ဖြစ်သွားစေပါသည် -

- အဆုတ်များ (အဆုတ်ရောင်ရောဂါ)
- သွေး (ဘက်တီးရီးယားပိုးဝင်ခြင်း)၊ နှင့်
- ဦးနှောက်နှင့် ကျောရိုးအာရုံကြောသို့ရောဂါပိုးဝင်ခြင်း (ဦးနှောက်အမြှေးပါးရောင်ခြင်း)။

အဆုတ်ရောင်နာ အဖျားရောဂါ မှာ သက်ကြီးသူများထဲ၌ အထူးတလည် ဖြစ်ပေါ်တတ်သည်။ အဆုတ်ရောင်နာ ဦးနှောက်အမြှေးရောင် ရောဂါကြောင့် နားလေးမှုနှင့် ဦးနှောက် ပျက်စီးမှု ကို ဖြစ်ပေါ်စေပြီး ကလေး ၁၀ ဦးလျှင် ၁ ဦးနှုန်း သေဆုံးစေပါသည်။

မည်သူမဆို အဆုတ်ရောင်နာရောဂါရရှိနိုင်သည်၊ သို့သော် အသက် ၂ နှစ်အောက် အရွယ်ရှိကလေးများ၊ ဆေးဝါးကုသမှုအမြဲခံယူနေရသူများ၊ အရွယ်ရောက်သူ အသက် ၆၅ နှစ် အထက်ရှိသူများ၊ နှင့် ဆေးလိပ်သောက်သူများအတွက်မှာ အန္တရာယ် အများဆုံးရှိပါသည်။

ကာကွယ်ဆေး မပေါ်မီက၊ အမေရိကန်ပြည်ထောင်စု ထဲ၌ တွေ့ရသည့်အရာမှာ -

- ဦးနှောက်အမြှေးရောင် ရောဂါ ပြဿနာ မှာ ၇၀၀ ကျော် တွေ့ရှိရသည်။
- သွေး မှတစ်ဆင့် ကူးစက်မှု ၁၃,၀၀၀ ခန့် တွေ့ရသည်။
- နားထဲသို့ ရောဂါကူးစက်မှု အကြိမ် ၅ သန်း ခန့်ရှိပြီး
- အယောက် ၂၀၀ ခန့် သေဆုံးခဲ့သည်

အဆုတ်ရောင်နာ ရောဂါကြောင့် နှစ်စဉ် အသက် ၅ နှစ်အောက် ကလေးများ သေဆုံးရသည်။ ကာကွယ်ဆေး ပေါ်လာပြီးနောက်ပိုင်း၊ ယင်း အဆုတ်ရောင်နာ ရောဂါ ဆိုးရွားစွာ ခံစားနေရသော ကလေးငယ် အရေအတွက် ၈၈% အထိ ကျဆင်းလာခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် ၁၈,၀၀၀ ဦးခန့် သော သက်ကြီးသူများသည် အဆုတ်ရောင်နာရောဂါကြောင့် နှစ်စဉ် သေဆုံးကြရပါသည်။

အဆုတ်ရောင်နာ ရောဂါ ကူးစက်မှုကို ပင်နယ်ဆီလင်နှင့် အခြားဆေးဝါးဖြင့် ကုသမှုမှာ ထင်သလောက် အကျိုးသက်ရောက်မှု မရှိပါ အဘယ်ကြောင့်ဆိုသော် ရောဂါ၏ အချို့သော ဗီဇများ မှာ ယင်း ဆေးဝါးများကို ခုခံလာနိုင်သောကြောင့် ဖြစ်သည်။ ဤတွင် ပိုမိုအရေးကြီးသည်မှာ ကာကွယ်ဆေးထိုးခြင်းအားဖြင့် ရောဂါတားဆီးမှုများ ဖြစ်လာစေပါသည်။

## 2 PCV13 ကာကွယ်ဆေး

အဆုတ်ရောင်နာ ပေါ်လီဆက်ကရိုက် ကာကွယ်ဆေး (PPSV23) သည် ၁၃ မျိုးသော အဆုတ်ရောင်နာ ဘက်တီးရီးယားပိုးမွှားအမျိုးအစားများအား ခုခံကာကွယ်ပေးပါသည်။

PCV13 ကာကွယ်ဆေးကို ကလေးသူငယ် အသက် ၂၊ ၄၊ ၆ နှင့် ၁၂-၁၅ လ အရွယ်အတွက် ပတ်လည် ထိုးပေးပါသည်။ ကျန်းမာရေး အခြေအနေ ဆိုးရွားသော ကလေး နှင့် သက်ကြီးသူ ၂ နှစ်မှ ၆၄ နှစ်ကြားနှင့် အသက် ၆၅ နှစ်ထက် ကြီးသော လူကြီးအားလုံး အတွက် ထိုကာကွယ်ဆေးကို ထိုးပေးသင့်သည်။ အသေးစိတ်အချက်အလက်များကို သင့်ဆရာဝန်မှ သင့်အား ပြောပြနိုင်သည်။



U.S. Department of Health and Human Services
Centers for Disease Control and Prevention

| 3 | အချို့သောသူများသည် ဤကာကွယ်ဆေးအား မထိုးသင့်ပါ |
|---|---|

မည်သူမဆို PCV7 ဟုခေါ်သော အစောပိုင်း အဆုတ်ရောင်နာ ကာကွယ်ဆေး သို့မဟုတ် ဆုံဆို့နာ ရောဂါ ကာကွယ်ဆေး မည်သည့် ဆေးမဆို (ဥပမာ DTaP ကာကွယ်ဆေး) အား ထိုးပြီးသည့်နောက် အသက်အန္တရာယ် ခတ်မတည့်သည့် တုံ့ပြန်မှု ဆိုးကျိုးများ ဖြစ်ပေါ် တတ်ပါက PCV13 ကာကွယ်ဆေးကို မထိုးသင့်ပါ။

မည်သူမဆို PCV13 ပါဝင်သည့် အာနိသင်ကြောင့် ဆိုးရွားသော ဓာတ်မတည့်မှု ဖြစ်ပေါ် တတ်ပါက ကာကွယ်ဆေး မထိုးသင့်ပါ။ *ကာကွယ်ဆေး အထိုးခံရသည့် သူ၌ ဆိုးရွားသော ဓာတ်မတည့်မှုများ ဖြစ်ပေါ်ပါက သင့် ဆရာဝန် အား ပြောပြပါ။*

ကာကွယ်ဆေးထိုးရန် ချိန်းချက်ထားသော သူမှာ နေထိုင်မကောင်း ဖြစ်နေပါက၊ သင့် ကျန်းမာရေး စောင့်ရှောက်မှု ထောက်ပံ့ပေးသူက အခြား တစ်နေ့နေ့ကို ရက်ချိန်း ပြန်လုပ်ရန် ဆုံးဖြတ် ပေးပါလိမ့်မည်။

| 4 | ကာကွယ်ဆေး တုံ့ပြန်မှု ဘေးအန္တရာယ်များ |
|---|---|

ကာကွယ်ဆေးများအပါအဝင်၊ မည်သည့်ဆေးဝါးများတွင်မဆို တုံ့ပြန်မှုဖြစ်စေသည့် အလားအလာ ရှိနိုင်ပါသည်။ ၎င်းတို့သည် များသောအားဖြင့် ပြင်းထန်မှုမရှိပဲ သူ့အလိုလို ပျောက်ကင်း သွားပါသည်၊ သို့သော် ပြင်းထန်သည့် တုံ့ပြန်မှုများလည်း ဖြစ်နိုင်ပါသည်။

PCV13 ကာကွယ်ဆေး ထိုးပြီးသည့်နောက် ပြဿနာများ ဖြစ်ပေါ် သည့် အစီရင်ခံစာများမှာ အသက်အရွယ်နှင့် ထိုးသည့် အကြိမ်ရေပေါ် မူတည်ပြီး အမျိုးမျိုး ကွဲပြားပါသည်။ အစီရင်ခံမှု အရ ကလေးသူငယ်များ၌ အများဆုံး ဖြစ်လေ့ဖြစ်ထ ပြဿနာများထဲ၌ -

- တစ်ဝက်ခန့်မှာ ဆေးထိုးပြီးနောက် အိပ်ငိုက်တတ်သည်၊ ယာယီခဏ အစား မစားချင် သို့မဟုတ် ဆေးထိုးထားသည့် နေရာ၌ အနီစက် ပေါ် သို့မဟုတ် နာကျင်တတ်သည်။
- ကလေး ၃ ဦးလျှင် ၁ ဦးမှာ ဆေးထိုးထားသည့် နေရာ၌ ဖောရောင်နေတတ်သည်။
- ကလေး ၃ ဦးလျှင် ၁ ဦးနှုန်း မှာ အဖျားအနည်းငယ်ရှိတတ်ပြီး ၂၀ ဦးလျှင် ၁ ဦးနှုန်းမှာ အဖျား အပူချိန် ၁၀၂.၂ ဒီဂရီ ဖာရင်ဟိုက် ထက်ပိုတတ်သည်။
- ကလေး ၁၀ ဦးလျှင် ၈ ဦးနှုန်းမှာ ဇီဇာကြောင်တတ်သည် သို့မဟုတ် စပ်ဖျဉ်းဖျဉ်း ဖြစ်တတ်သည်။

သက်ကြီးသူများ၌ နာကျင်မှု၊ အနီရောင်ဖြစ်ပေါ် မှုနှင့် ဆေးထိုးထားသည့် နေရာ၌ ဖောရောင်ခြင်း ဖြစ်တတ်သည့်အပြင် အဖျားအနည်းငယ်ရှိ၊ မောပန်းနွမ်းနယ်၊ ခေါင်းကိုက်၊ အေးစိမ့်စိမ့်ဖြစ် သို့မဟုတ် ကြွက်သားနာကျင်မှု ဖြစ်တတ်သည်။

PCV13 ကာကွယ်ဆေးနှင့် အဖျား ကာကွယ်ဆေး တစ်ချိန်တည်း ထိုးထားသည့် ကလေးငယ်များ၌ ယင်းအဖျားရောဂါကြောင့် အကြောဆွဲ တက်ခြင်း စသည့် အန္တရာယ်မျိုး တိုးလာတတ်သည်။ နောက်ထပ် အချက်အလက်များအတွက် သင့် ဆရာဂန်အား မေးမြန်းပါ။

**မည်သည့် ကာကွယ်ဆေးမဆို ထိုးပြီးသည့်နောက် ဖြစ်ပေါ် တတ်သည့် ပြဿနာများမှာ -**

- ကာကွယ်ဆေးထိုးခြင်းအပါအဝင် ဆေးဝါးကုသမှုများတို့ကြောင့် လူတို့သည် တစ်ခါတစ်ရံတွင် သတိလစ်သွားတတ်ပါသည်။ ဤသို့ အနည်းငယ် သတိလစ်ခြင်း၊ နှင့် လဲကျခြင်းကြောင့် ထိခိုက်ဒဏ်ရာ ရခြင်းမှ ကာကွယ်ရန်နှင့် ၁၅ မိနစ်ခန့် ထိုင်နေခြင်း သို့မဟုတ် လဲလျောင်းနေခြင်းဖြင့် အထောက်ကူပြုနိုင်ပါသည်။ သင် မူးဝေနေပါက၊ သို့မဟုတ် အမြင်အာရုံပြောင်းလဲပါက သို့မဟုတ် နားအူပါက သင့် ဆရာဂန်အား ပြောပြပါ။
- အချို့သောသူတို့သည် ပုခုံးတွင် ပြင်းထန်စွာ နာကျင်ပြီး ဆေးထိုးထားသော လက်မောင်းကို ရွေ့လျားရန် အခက်အခဲဖြစ် တတ်သည်။ ၎င်းမှာ ရှားရှားပါးပါးသာ ဖြစ်ပေါ် ပါသည်။
- မည်သည့်ဆေးဝါးမဆို ပြင်းထန်သော ဓာတ်မတည့်သည့် တုံ့ပြန်မှုများ ဖြစ်ပေါ် နိုင်သည်။ ကာကွယ်ဆေးမှ တုံ့ပြန်မှုများသည် အလွန်ဖြစ်ခဲလှ ပါသည်၊ ဆေးထိုးသည့် ပမာဏ အကြိမ် တစ်သန်းတွင် ၁ ကြိမ် သာ ရှိသည်ဟု ခန့်မှန်းရပြီး၊ ကာကွယ်ဆေးထိုးပြီး မိနစ်အနည်းငယ်အတွင်းမှ နာရီအနည်းငယ်အတွင်းတွင် ဖြစ်ပေါ် နိုင်သည်။

မည်သည့်ဆေးဝါးများတွင်မဆို ကာကွယ်ဆေးကြောင့် ပြင်းထန်သော ဒဏ်ရာ သို့မဟုတ် သေဆုံးခြင်း ဖြစ်ပေါ် ရန်မှာ လွန်စွာ အလှမ်း ကွာဝေးလှပါသည်။

ကာကွယ်ဆေးများ ဘေးကင်းလုံခြုံရေးအတွက် အမြဲ စောင့်ကြည့်လေ့လာ ပေးပါသည်။ အချက်အလက် ပိုမိုသိရှိရန် - **www.cdc.gov/vaccinesafety/** တွင် ကြည့်ရှုနိုင်ပါသည်။

## 5 အကယ်၍ ပြင်းထန်သော တုံ့ပြန်မှု ရှိခဲ့လျှင် ဘာလုပ်မလဲ။

### ကျွန်ုပ် ဘာကို ရှာဖွေ သင့် ပါသနည်း။

- သင် စိုးရိမ်ရသည့် မည်သည့်အရာအတွက်ကိုမဆို သင် ရှာဖွေနိုင်သည်၊ ပြင်းထန်သော ဓာတ်မတည့်သည့် တုံ့ပြန်မှုလက္ခဏာများ၊ ကိုယ်ပူချိန်အလွန် မြင့်ခြင်း၊ သို့မဟုတ် ထူးခြားသည့် အပြုအမူများ စသည့် လက္ခဏာများ။

  ပြင်းထန်သော တုံ့ ပြန်မှု လက္ခဏာများတွင် အင်ပျဉ်ထခြင်း၊ မျက်နှာနှင့် လည်ချောင်း ရောင်ခြင်း၊ အသက်ရှူရန်အခက်အခဲဖြစ်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ မူးဝေခြင်း၊ နှင့် အားယုတ်ခြင်း စသည်တို့ပါဝင်ပြီး - များသောအားဖြင့် ကာကွယ်ဆေးထိုးပြီးနောက် မိနစ်ပိုင်းမှ နာရီအနည်းငယ်အတွင်း ဖြစ်ပေါ် လေ့ရှိသည် ။

### ကျွန်ုပ် ဘာလုပ် သင့်သနည်း။

- ဆိုးရွားသော ဓာတ်မတည့်သည့် တုံ့ ပြန်မှု သို့မဟုတ် အချိန် မဆိုင်းသင့်သော အခြားသော အရေးပေါ် အခြေအနေ ဟု သင် ထင်မြင်ယူဆပါက ဖုန်း 9-1-1သို့ခေါ် ဆိုပါ သို့မဟုတ် နီးစပ်ရာ ဆေးရုံရှိ လူတစ်ဦးဦးနှင့် ဆက်သွယ်ပါ။ ဒါမှမဟုတ်၊ သင့် ဆရာဝန် အား ခေါ် ဆိုပါ။

  ဓာတ်မတည့်သည့် တုံ့ပြန်မှုများကို ကာကွယ်ဆေး ဘေးထွက်ဆိုးကျိုး ဖြစ်ရပ် အစီရင်ခံခြင်း စနစ် (Vaccine Adverse Event Reporting System, VAERS) သို့ တင်ပြရမည်။ သင့် ဆရာဝန်မှ အစီရင်ခံစာကို ဖိုင်တွဲထားရပါမည်၊ သို့မဟုတ် သင် ကိုယ်တိုင် VAERS ဝဘ်ဆိုဒ် **www.vaers.hhs.gov** မှတစ်ဆင့် တင်ပြနိုင်သည်၊ သို့မဟုတ် **1-800-822-7967** သို့ ခေါ် ဆိုနိုင်သည်။

*VAERS သည် ဆေးဖက်ဆိုင်ရာ အကြံပေးခြင်းများ မပြုပါ။*

## 6 အမျိုးသား ကာကွယ်ဆေး ဒဏ်ရာဖြစ်မှု လျော်ကြေးပေး အစီအစဉ်

အမျိုးသား ကာကွယ်ဆေး ဒဏ်ရာဖြစ်မှု လျော်ကြေး အစီအစဉ် (VICP) သည် ကာကွယ်ဆေးတစ်စုံတစ်ခုကြောင့် ဒဏ်ရာဖြစ်ပေါ် သူအား လျော်ကြေးပေးရန် တည်ထောင်ထားသော ဗဟိုအစိုးရ အစီအစဉ် ဖြစ်ပါသည်။

ကာကွယ်ဆေးကြောင့် ဒဏ်ရာရရှိမှု ဖြစ်ပေါ် နိုင်သည်ဟု ယုံကြည်သူများသည် အစီအစဉ် အကြောင်းကို လေ့လာနိုင်ပြီး လျော်ကြေး တောင်းဆိုရန် **1-800-338-2382** သို့ ခေါ် ဆိုနိုင်သည် သို့မဟုတ် (Vaccine Injury Compensation Program, VICP) ဝက်ဘ်ဆိုဒ် **www.hrsa.gov/vaccinecompensation** သို့ ဝင်ရောက်ကြည့်ရှုနိုင်သည်။ လျော်ကြေးကိစ္စ ဖိုင်တွဲ၍ တောင်းဆိုရန်အတွက် အချိန်အကန့်အသတ် ရှိပါသည်။

## 7 ကျွန်ုပ် မည်သို့ ပိုပြီး ထပ်မံ လေ့လာနိုင်သနည်း။

- သင့် ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့ပေးသူထံ မေးမြန်းပါ။ သူ သို့မဟုတ် သူမ သည် ကာကွယ်ဆေးအထုပ်တွင် ပါသော အညွှန်း သို့မဟုတ် အခြားသော ကိုးကားရန် အရင်းအမြစ်များကို အကြံပြုပေးနိုင်သည်။
- သင့် ဆရာဝန် သို့မဟုတ် ပြည်နယ် ကျန်းမာရေးဌာနသို့ ဖုန်းခေါ် ဆိုပါ။
- ရောဂါထိန်းချုပ်ခြင်းနှင့် တားဆီးခြင်း စင်တာများ (Centers for Disease Control and Prevention, CDC) ဆက်သွယ်ပါ
  - **1-800-232-4636 သို့ ခေါ် ဆိုပါ** ( **1-800-CDC-INFO**) သို့မဟုတ်
  - CDC ဝက်ဘ်ဆိုဒ် **www.cdc.gov/vaccines** သို့ ဝင်ရောက်ကြည့်ရှုပါ



Translation provided by the Immunization Action Coalition